# နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့
# အများပြည်သူထံ ထုတ်ပြန်ကြေညာချက်

၂၅ ရက်၊ ဩဂုတ်လ ၂၀၁၇
အညွှန်း - ASA ၁၆/၆၉၈၁/၂၀၁၇

### မြန်မာ - ဒေသခံရပ်ရွာလူထု၏ ကျန်းမာရေးကို ခြိမ်းခြောက်နေသည့် တပ်မတော်ပိုင် အစ်ဆစ်စက်ရုံကို နေရာရွှေ့ပြောင်းပေးရန် ကာကွယ်ရေးဝန်ကြီးဌာန၏ ငြင်းဆန်ချက်

မြန်မာနိုင်ငံ အနောက်မြောက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီးရှိ မိုးကြိုး ဆာလဖျူရစ်အက်ဆစ် စက်ရုံကို နေရာရွှေ့ပြောင်းပေးရန် ငြင်းဆန်သည့် ကာကွယ်ရေးဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်အပေါ် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အနေဖြင့် စိတ်ပျက်မိပါသည်။ ယင်းစက်ရုံသည် အနီးဝန်းကျင်ရှိ ရပ်ရွာလူထုအတွက် ကျန်းမာရေးအန္တရာယ် ဖြစ်ပေါ်နေစေပါသည်။ အနီးနားရှိ လက်ပံတောင်း၊ စံပယ်တောင်နှင့် ကြေးစင်တောင် (S&K) ကြေးနီတွင်းများအတွက် ဆာလဖျူရစ်အက်ဆစ် ထုတ်လုပ်ပေးနေသည့် အဆိုပါစက်ရုံကို တပ်မတော်ပိုင်ကုမ္ပဏီဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် (Union of Myanmar Economic Holdings Limited - UMEHL) က လည်ပတ်လုပ်ဆောင်နေခြင်းဖြစ်ပါသည်။

စက်ရုံတည်ရှိသည့် ဆားလင်းကြီးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ဦးဝင်းသိန်းဇော်၏ ဩဂုတ်လ ၁၆ ရက်နေ့တွင် အဆိုပြုတင်ပြချက်တစ်ခုဖြစ်သော အနီးနားနေ ရပ်ရွာလူထုအတွက် ကျန်းမာရေးဆိုင်ရာစိုးရိမ်ဖွယ်ကိစ္စများကြောင့် မိုးကြိုး ဆာလဖျူရစ်အက်ဆစ် စက်ရုံအား နေရာရွှေ့ပြောင်းပေးပါရန် အဆိုပြုချက်ကို ကာကွယ်ရေးဝန်ကြီးဌာနက ပယ်ချငြင်းဆန်ခဲ့ပါသည်။ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသို့ ပြောကြားရာတွင် စက်ရုံသည် နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်မှုကို ဖြစ်စေသည့်အပြင် စက်ရုံကြောင့် လူမှုရေး သို့မဟုတ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများရှိသည်ဟူသော စွပ်စွဲချက်များကိုလည်း ငြင်းပယ်ကြောင်း ပြောကြားခဲ့ ပါသည်။

ယင်းသို့ကောက်ချက်ချမှုသည် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ သုတေသနတွေ့ရှိချက် နှင့် ဆန့်ကျင်နေပြီး ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အလွန်အမင်း စိုးရိမ်ပူပန်ဖွယ် ကိစ္စများသည် စက်ရုံနှင့်ဆက်စပ်နေကြောင်း သက်သေအထောက်အထားများကို သုတေသနပြုရာတွင် တွေ့ရှိခဲ့ပါသည်။ အနီးနားတွင်ရှိသော ကန်ကုန်းကျေးရွာ နေထိုင်သူများ ကလည်း စက်ရုံကြောင့်ဖြစ်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများနှင့် အန္တရာယ်ဖြစ်စေသည့် ဓါတ်ငွေ့များကြောင့် အသက်ရှူလမ်းကြောင်း၊ အရေပြားနှင့် မျက်စိပြဿနာများဖြစ်ပွားသဖြင့် မကျေနပ်ကြောင်း ဖော်ပြခဲ့ကြပါသည်။ စက်ရုံသည် စာသင်ကျောင်းတစ်ခုနှင့် မီတာ ၅၀ ခန့်သာ ကွာဝေးပြီး စက်ရုံမှ အနံ့အသက်ဆိုးများကြောင့် ဒေသခံကျောင်းသူ၊ ကျောင်းသားများသည် ယင်းကျောင်းသို့ မတက်ကြတော့ကြောင်း ၂၀၁၆ ခုနှစ်၊ ဇွန်လတွင် ကန်ကုန်းဒေသခံများက

နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သို့ ပြောကြားခဲ့ပါသည်။ စက်ရုံနှင့် ကပ်လျက်ရှိသော လယ်ကွင်းများမှ ကောက်ပဲသီးနှံများ ပျက်စီးမှုဖြစ်ပွားကြောင်းကိုလည်း ဒေသခံများက ထပ်မံပြောကြားခဲ့ပါသည်။

အဆိုပါနယ်နိမိတ်အတွင်းတွင် ယခင်ပြုလုပ်ခဲ့သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စမ်းသပ်မှုမှ ရရှိသည့် အထောက်အထားများကလည်း စိုးရိမ်ပူပန်မှုများအတွက် အကြောင်းရင်းခံများ ဖြစ်စေပါသည်။ စက်ရုံအနီးနားနှင့်ဝန်းကျင်ရှိ ကျေးရွာများတွင် အလုံးစုံလွှမ်းခြုံသော ပတ်ဝန်းကျင်ဆိုင်ရာ လေ့လာဆန်းစစ်မှုတစ်ခုကို အရေးတကြီးလုပ်ဆောင်ရန် လိုအပ်နေကြောင်း ပြသနေပါသည်။ ၂၀၁၃ ခုနှစ်အတွင်း စမ်းသပ်မှုများ လုပ်ဆောင်ခဲ့ရာတွင် အက်ဆစ်စက်ရုံအနီးရှိ လေထုအတွင်းနှင့် မြေဆီလွှာတွင် ညစ်ညမ်းမှုအဆင့် မြင့်မားနေကြောင်း တွေ့ရှိခဲ့ပါသည်။ စာသင်ကျောင်းအတွင်း စမ်းသပ်ခဲ့သော ရေနမူနာတစ်ခုတွင် ဆာလဖိတ်ပါဝင်မှု မြင့်မားနေကြောင်း ဆာလဖျူရစ်အက်ဆစ်စက်ရုံ ညွှန်ကြားရေးမှူးက ရွာသူ၊ ရွာသားများထံ ၂၀၁၄ ခုနှစ်တွင် ပြောကြားခဲ့ပါသည်။ ဆာလဖျူရစ်အက်ဆစ် ထုတ်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ညစ်ညမ်းမှုများသည် အရေပြား၊ မျက်လုံး၊ အသက်ရှူလမ်းကြောင်း၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာများ အပါအဝင် အန္တရာယ်ရှိသော ဆိုးကျိုးများ ဖြစ်စေနိုင်ပါသည်။

အန္တရာယ်ရှိသော ဓာတုပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းများနှင့် ရပ်ရွာပြည်သူများအကြားတွင် ကြားခံနယ်တစ်ခုထားရှိရန် နိုင်ငံတကာ အလေ့အထကောင်းများက တိုက်တွန်းထားပါသည်။ ဩစတြေးလျအနောက်ပိုင်းမှ စည်းမျဉ်းစည်းကမ်းများကို နမူနာအဖြစ် အသုံးပြုလျှင် (လက်ပံတောင်း သတ္တုတွင်းအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သက်ရောက်မှု အကဲဖြတ်ဆန်းစစ်ချက်တွင် မကြာခဏ ရည်ညွှန်းလေ့ရှိသည်) ဆာလဖျူရစ်အက်ဆစ်စက်ရုံနှင့် လူနေအိမ်ခြေ၊ စာသင်ကျောင်းများကဲ့သို့သော အထိအခိုက်မခံနိုင်သည့် နေရာများအကြား အကွာအဝေးသည် အနည်းဆုံး မီတာ ၂၀၀၀ မှ ၃၀၀၀ အကြား ရှိသင့်ပါသည်။ မိုးကြိုးစက်ရုံသည် ကန်ကုန်းကျေးရွာမှ မီတာ ၂၀၀ အကွာတွင် တည်ရှိနေပြီး ယင်းအကွာအဝေးသည် အကြံပြုထားသော အကွာအဝေးထက် အလွန်လျော့နည်းလျက်ရှိပါသည်။

စက်ရုံသည် နိုင်ငံတကာစံအဖွဲ့အစည်း (ISO) အသိအမှတ်ပြုလက်မှတ်ရရှိထားသည်ဟူသော ဒုတိယဝန်ကြီး၏ သတင်းထုတ်ပြန်ချက်ကြောင့် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က စိုးရိမ်မကင်းဖြစ်မိပါသည်။ အကြောင်းမှာ စက်ရုံလည်ပတ်လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာသော ဆိုးကျိုးသက်ရောက်မှုကို ကာကွယ်ပြောဆိုရန်အတွက် နိုင်ငံတကာ စံအဖွဲ့အစည်း (ISO) အသိအမှတ်ပြုလက်မှတ်ကို အသုံးပြုကာ အဓိပ္ပါယ်ကောက်ယူချက် လွဲမှားစေသော ထုတ်ပြန်ကြေညာချက်များကို ယခင်က UMEHL နှင့် မြန်မာအစိုးရက ထုတ်ပြန်ခဲ့သည့်အတိုင်း ထပ်မံလုပ်ဆောင်သည့်အတွက် ဖြစ်ပါသည်။ ISO 14001 သည် ပုဂ္ဂလိကအဖွဲ့အစည်းတစ်ခုက ထူထောင်ထားပြီး မည်သူမဆို ရယူအသုံးပြုနိုင်သည့် စံတစ်ခု ဖြစ်ကာ အဖွဲ့အစည်းတစ်ခုအနေဖြင့် ခြုံငုံသော ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစနစ်တစ်ခုကို အသုံးပြုရန် လိုအပ်သည်။ ယင်းသည် သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် ယင်း၏စက်ရုံ အလုပ်ရုံများ၏ ပတ်ဝန်းကျင်ဆိုင်ရာ အမှန်တကယ် စွမ်းဆောင်မှုကို အနီးကပ် မစောင့်ကြည့်၊ မကွပ်ကဲပါ။ UMEHL အနေဖြင့် အသိအမှတ်ပြုလက်မှတ်တစ်ခု ရရှိထားခြင်းသည် ပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုကို ကြိုတင်ကာကွယ်ရန်နှင့် စီမံခန့်ခွဲရန် လက်တွေ့တွင် လုံလောက်သော စနစ်များ ရှိနေသည်ဟု အဓိပ္ပါယ်သက်ရောက်ခြင်းမရှိပါ။

စက်ရုံ၏ ဆိုးကျိုးသက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် ပြည်သူများ၏ ကြိုးပမ်းမှုကို ကူညီရာတွင် အချို့သော ဒေသဆိုင်ရာတာဝန်ရှိသူများ၏ ပံ့ပိုးမှုများသည်လည်း အရာမထင် ဖြစ်ခဲ့ရပါသည်။ စက်ရုံနေရာရွှေ့ပြောင်းပေးရန် ဒေသခံလွှတ်တော်ကိုယ်စားလှယ်၏ တောင်းဆိုချက်အပြင်၊ ၂၀၁၆ ခုနှစ် မေလတွင် စည်ပင်သာယာအာဏာပိုင်များကလည်း စက်ရုံ၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများအား အစိုးရမဟုတ်သော ကျွမ်းကျင်ပညာရှင်များ၏ အကဲဖြတ်စိစစ်ချက်တစ်ခု မရရှိသေးသဖြင့် ယင်းစက်ရုံကို လိုင်စင်အသစ် ထုတ်ပေးရန် ငြင်းဆန်ခဲ့ပါသည်။ ဤသို့ဖြစ်သည့်တိုင် ပိုမိုမြင့်မားသော အာဏာပိုင်ဖြစ်သည့် စက်မှုဝန်ကြီးဌာနကထုတ်ပေးသော သီးခြားလိုင်စင်ဖြင့် စက်ရုံကို ဆက်လက် လည်ပတ်လုပ်ဆောင်နေခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင် အဆိုပါလိုင်စင်ကို ဝန်ကြီးဌာနက သက်တမ်းတိုးပေးခဲ့ပါသည်။

စက်ရုံနေရာရွှေ့ပြောင်းမှုနှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်ကို ကာကွယ်ရေးဝန်ကြီးဌာနက ပြုလုပ်ခြင်းသည် အကျိုးစီးပွားပဋိပက္ခတစ်ခုကို ရှင်းလင်းစွာဖော်ပြနေပါသည်။ ကာကွယ်ရေး ဝန်ကြီးဌာနသည် တပ်မတော်၏ ထိန်းချုပ်မှုအောက်တွင်ရှိပြီး မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်ရေးဝန်ကြီးသည် တပ်မတော်သားတစ်ဦးဖြစ်ပါသည်။ သို့ဖြစ်ရာ တပ်မတော်ပိုင် ကုမ္ပဏီတစ်ခု၏ လုပ်ငန်းလည်ပတ်မှုများအား စည်းမျဉ်းဖြင့်ကွပ်ကဲသည့် ဆုံးဖြတ်ချက်များကို စက်ရုံအတွက် လိုင်စင်ထုတ်ပေးသည့် စက်မှုဝန်ကြီးဌာန သို့မဟုတ် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့က ပြုရမည့်အစား ကာကွယ်ရေး ဝန်ကြီးဌာနက ဆုံးဖြတ်ချက်ပြုနေခြင်းသည် မသင့်လျော်ပါ။ လူ့အခွင့်အရေးအရ အန္တရာယ်ရှိသော လုပ်ငန်းများမှ စနစ်တကျကာကွယ်စောင့်ရှောက်ပေးနိုင်ရန်မှာ အပြန်အလှန် ထိန်းကျောင်းမှု ရှိသော စနစ်တစ်ခု နှင့် စီးပွားရေးဆိုင်ရာ အကျိုးအမြတ်များမှ ကင်းလွတ်သည့် သီးခြား လွတ်လပ်သော ကြီးကြပ်ကွပ်ကဲရေးနစ်များ လိုအပ်ပါသည်။

ပြည်သူများအတွက် အန္တရာယ်ကင်းရှင်းသည့် အကွာအဝေးတစ်ခု အသေအချာရရှိစေရန် ကာကွယ်ရေးဝန်ကြီးဌာနသည် ယင်း၏ ဆုံးဖြတ်ချက်ကို ပြောင်းလဲသင့်ပြီး ဆာလဖျူရစ်အက်ဆစ် စက်ရုံကို အခြားနေရာတစ်ခုသို့ ဖြစ်နိုင်သမျှ အမြန်ဆုံး ရွှေ့ပြောင်းရန် အသေအချာ လုပ်ဆောင်သင့်ပါသည်။ စက်ရုံအတွက် နေရာအသစ်တစ်ခုကို ရှာဖွေသတ်မှတ်မှု မပြီးမချင်း၊ ထိခိုက်ခံရသော ရပ်ရွာလူထုများနှင့် တိုင်ပင်ဆွေးနွေးပြီး အလုံးစုံလွှမ်းခြုံသော သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးဆိုင်ရာ ဆန်းစစ်ချက်များပြုလုပ်မှု မပြီးမချင်း စက်ရုံလည်ပတ်မှုများကို ချက်ချင်း ရပ်ဆိုင်းထားသင့်ပါသည်။ ပတ်ဝန်းကျင်ညစ်ညမ်းမှုများကြောင့် ကျန်းမာရေးထိခိုက်ခဲ့သူများအတွက် နစ်နာကြေးများပေးအပ်ခြင်း နှင့် ဆေးဝါးကုသ ပြန်လည်ထူထောင်ပေးခြင်းများအပါအဝင် ယင်းစက်ရုံ၏ လုပ်ငန်းများကြောင့် ဖြစ်လာသည့် ဆိုးကျိုးသက်ရောက်မှုများအားလုံးကို UMEHL သည် ကုစားပေးသင့်ပါသည်။

နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် ယင်း၏ စိုးရိမ်ပူပန်မှုများနှင့် အကြံပြုချက်များကို တင်ပြရန် ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် UMEHL ထံသို့ စာရေးသားပေးပို့ခဲ့ပါသည်။ ဖော်ပြထားသော အချက်အလက်များသည် စက်ရုံရှိ "ပကတိ နောက်ဆုံးအခြေအနေ" များကို ထင်ဟပ်ခြင်း မရှိကြောင်း၊ အက်ဆစ်စက်ရုံသည် "နိုင်ငံတကာစံနှုန်းများနှင့်အညီ လည်ပတ်လုပ်ဆောင်လျက် ရှိကြောင်း" UMEHL က အကြောင်းပြန်ရာတွင် ပြောဆိုခဲ့ပါသည်။ ယင်းကိစ္စရပ်များကို စက်မှုဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန နှင့် အခြားသော သင့်လျော်သည့် ဆက်စပ်

ပတ်သက်သူများအားလုံးနှင့် ဆွေးနွေးတိုင်ပင်နိုင်မည့် အခွင့်အရေးကို နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ အနေဖြင့် လိုလားပါသည်။

မြန်မာအာဏာပိုင်များ၊ မြန်မာ၊ တရုတ်နှင့် ကနေဒါကုမ္ပဏီများ ပါဝင်ပတ်သက်နေပြီး လက်ပံတောင်းနှင့် S&K ကြေးနီသတ္တုတွင်းများနှင့်ဆက်စပ်သည့် နှစ်ပေါင်းနှစ်ဆယ်ကာလ အတွင်းမှ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ တရားမဝင်လုပ်ဆောင်မှုများစွာကို နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မှတ်တမ်းတင်ထားပါသည်။ အက်ဆစ်စက်ရုံကြောင့် ဖြစ်ပေါ်လာသည့်အန္တရာယ်များအပြင် နေရာမှအတင်းအကြပ်ဖယ်ရှားခြင်း၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းခြင်း၊ လူထုဆန္ဒပြမှုများကို ရဲများက တုန့်ပြန်ရာတွင် လိုအပ်သည်ထက် အလွန်အကျွံ အင်အားသုံးခြင်းစသည်တို့ အပါအဝင် သတ္တုတွင်းလုပ်ငန်းများနှင့် ဆက်စပ်သော အခြားမမှန်မကန်ပြုမူမှုများ ဖြစ်လာနိုင်ခြေများစွာလည်း ရှိနေပါသေးသည်။